# ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး

# ၃၉ ရက်မြောက်နေ့ အစီအစဉ်

# [ ၆–၄–၂၀၁၅ ] ( တနင်္လာနေ့ )

၁။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း၊

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဝင်းနိုင်၊ ရွှေကူ မဲဆန္ဒနယ်၏ **ရွှေကူမြို့နယ်၊ ရွှေချောင်းသာရွာနှင့် နောင်မိုကျေးရွာတို့တွင် ကျေးလက်ကျန်းမာရေးဌာနခွဲ တစ်ခုစီ ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ခ ) ဦးအောင်စိန်၊ မာန်အောင် မဲဆန္ဒနယ်၏ **မာန်အောင်မြို့နယ်ရှိ ၂၅ ခုတင်ဆံ့ ဆေးရုံကြီးနှင့် အလှမ်းကွာဝေးနေသော ဒိုးတန်းကျေးရွာ၊ ခါးအုန်းမော်ကျေးရွာ နှင့် မြင်းဆိပ်ပြင်ကျေးရွာ တို့တွင် ကျေးလက်ဆေးပေးခန်း (၃)ခု ဖွင့်လှစ်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဦးတင်မောင်ဦး၊ ရွှေပြည်သာ မဲဆန္ဒနယ်၏ **ရွှေပြည်သာမြို့နယ်၊ ၂၀၁၄–၂၀၁၅ ဘဏ္ဍာနှစ်၊ ပြည်ထောင်စုအဆင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကျပ်သိန်း(၂၀၀) တန် ဆေးခန်း (၂)ခု အတွက် ခွင့်ပြုငွေကို တိုင်းဒေသကြီး မှ ဖြတ်တောက်လိုက်ခြင်းနှင့် ဝန်ကြီးဌာန အလိုက်ခွင့်ပြုငွေအား (၉) လတာကာလမျှ အသုံးမပြုဘဲ ရှိနေခြင်း** တို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါ်မိမြင့်သန်း၊ ရေး မဲဆန္ဒနယ်၏ **လမိုင်း–သောင်ပြင်– တောင်ဘုံ– အာယုတောင် ကျေးရွာချင်းဆက်လမ်းအား မြေသားလမ်းမှ ကတ္တရာလမ်းအဖြစ်သို့ တိုးမြှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးညီညီမြင့်၊ အုတ်တွင်း မဲဆန္ဒနယ်၏ **အုတ်တွင်းမြို့နယ်၊ လှေဆွဲမြောင်း ကျေးရွာရှိ ချောင်းကူးတံတားအား အသစ်ပြန်လည် တည်ဆောက်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(စ) ဦးထွန်းထွန်း၊ မံစီ မဲဆန္ဒနယ်၏ **မံစီမြို့နယ်အတွင်းရှိ မန်သဲကျေးရွာနှင့် ဟန်ထက်ကျေးရွာ ရွာချင်းဆက်တာပေါင်ရိုးလမ်း တာရိုးဖို့လုပ်ငန်းအား ပြင်ဆင်ပံ့ပိုး ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၆။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြု၍ ပေးပို့သော **"မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်ဖြင့် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၇။ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၃၉ ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ၄၀ ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။